ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်၊ နံပတ် (၆၄)

နေ့စွဲ – ၃၀. ၁. ၂၀၁၁

## လူသား၏လွတ်လပ်သောဆန္ဒဟုခေါ်ကြသောအရာ၏အကြောင်း

(Man's So-called Free Will)

ပရိုတက်စတင့်ပြန်လည်ပြုပြင်ခြင်းခေတ်၌(၁၆ရာစု)၊ မာတင်လူသာသည် "အလိုဆန္ဒ၏ကျွန်ဖြစ်မှု"ဆိုသည့် စာအုပ်ကို ရေးခဲ့ပါသည်။ ရေးရသည့်အကြောင်းမှာ အီရပ်စမတ်စ် ဆိုသူက လူ၏အလိုဆန္ဒသည် လွတ်လပ်သည်ဟု ပြောဆိုသွန်သင်ရေးသားခြင်းကို ဆန့်ကျင်လျှက် ရေးခဲ့ခြင်းဖြစ်သည်။ အီရပ်စမတ်စ် က လူသည်လွပ်လပ်သည်ဟု ပြောသည့်အခါ ဆိုလိုချင်သည်မှာ ကယ်တင်ခြင်းရဖို့ မရဖို့ကို လူသားက ရွေးချယ်နိုင်စွမ်းရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ထိုစာအုပ်တွင် လူသာ က အီရပ်စ်မတ်စ် အား လူသား၌လွတ်လပ်သောအလိုဆန္ဒ ရှိမရှိကို မေးသောမေးခွန်းသည် ပြန်လည်ပြုပြင်ခြင်းလုပ်ဆောင်မှုကြီး၏ အဓိကအကျဆုံးသောပြဿနာဖြစ်ကြောင်း ပြောပြခဲ့သည်။ မာတင်လူသာက အီရပ်စမတ်စ်ကို "ခင်ဗျားက ကျွန်တော့်ကို ပုတ်ရဟန်မင်းကြီး၏ဩဇာ၊ ပါဂတ်တိုရီဆိုတဲ့ ငရဲကလေးအကြောင်း၊ အပြစ်လွတ်ဖို့အာပတ်ဖြေတဲ့အကြောင်း စတဲ့အသေးအဖွဲကိစ္စတွေနဲ့ စိတ်မဆင်းရဲစေဘဲ တကယ့်ပြဿနာအနှစ်သာရနဲ့ စိတ်ဆင်းရဲစေပါတယ်၊ ခင်ဗျားတယောက်ထဲကဘဲ အားလုံးကိုချိတ်ထားတဲ့ချိတ်ကို တွေ့နိုင်တယ်၊ တကယ့်အဓိကအချက်ကို တွေ့နိုင်တယ်၊"ဟု ပြောခဲ့ပါသည်။

အီရပ်စမတ်စ်၏ သွန်သင်မှုကိုဆန့်ကျင်လျှက်၊ အပြစ်ထဲကျဆုံးပြီးလူသည် ဘုရားသခင်စိတ်ကျေနပ်ဖို့၊ ကောင်းသည်ဆိုသောအရာကို ရွေးချယ်ဖို့ရန် မလွတ်လပ်ပါ၊ သူ၏အလိုဆန္ဒ၊ ရွေးချယ်နိုင်သောစွမ်းအားသည် အပြစ်၌ကျွန်ခံနေရပါသည်ဟု မာတင်လူသာက ရေးသားခဲ့ပါသည်။ မာတင်လူသာက ထိုသို့ရေးခဲ့ပါသော်လည်း လူသား၏လွတ်လပ်သောဆန္ဒနှင့်ပတ်သက်သည့် ယနေ့ခေတ် ပရိုတက်စတင့်ဂိုဏ်းအများစု၏ သွန်သင်ချက်သည် အီရပ်စမတ်စ်၏သွန်သင်ချက်သာ ဖြစ်နေကြပါသည်။

ကျွန်တော်တို့သည် လူသာနှင့်အတူ လူ၏အလိုဆန္ဒသည် အပြစ်၌ကျွန်ခံနေရသည်၊ သူသည် ကောင်းခြင်းကို မလုပ်နိုင်ယုံသာမက၊ လုပ်ချင်သောစိတ်ဆန္ဒပင်မရှိပါဟု ယုံကြည်ကြပါသည် (ရောမ ၈း၇–၈)။ အထူးသဖြင့် လူသည် ကြီးမားသောကောင်းမြတ်ခြင်းဖြစ်သည့် သခင်ခရစ်တော်နှင့်ဘုရားသခင်ကို မရွေးချယ်နိုင်ပါ။ ထို့ကြောင့် လူသည် ကောင်းကင်မှနေ၍ ယုံကြည်ခြင်းကို မပေးပါက၊ သခင်ခရစ်တော်ကို မယုံကြည်နိုင်ပါဟု ကျွန်တော်တို့ ယုံကြည်ကြပါသည်။ (ယော ၆း၄၄ နှင့်နိုင်းယှဉ်ဖတ်ကြည့်ပါ)

ထို့အပြင် ကယ်တင်ခြင်းတွင် လူ၏အလိုဆန္ဒသည် အဓိကဆုံးဖြတ်ပေးသူမဟုတ်ပါ၊ ဘုရားသခင်၏အစိုးရသော၊ ထာဝရဖြစ်သော အလိုဆန္ဒ(ခွဲခန့်မှတ်သားခြင်း)သာလျှင် အဓိကအဆုံးအဖြတ်ပေးသူ ဖြစ်သည်ဟုလည်း ကျွန်တော်တို့ ယုံကြည်ကြပါသည်(တမန် ၁၃း၄၈၊ ဖိ ၂း၁၃)။ လူက ကယ်တင်ခံရရန် မရွေးချယ်နိုင်သဖြင့်၊ ဘုရားသခင်က သူ့အတွက် ရွေးချယ်ပါသည်။ ထိုရွေးချယ်ခြင်းကို ဘုရားသခင်က သူ၏အစိုးရတော်မူစွာ မည်သူကယ်တင်ခြင်းခံရမည်ဟု ဆုံးဖြတ်သည့်အခါတွင်ပြုတော်မူပါသည်၊ ထိုကယ်တင်ခြင်းခံရသည့်သူအား သူ၏အစိုးရတော်မူခြင်းနှင့် တန်ခိုးအလုံးစုံရှိသောကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်း၏ကောင်းချီးမင်္ဂလာများအားလုံးကိုပေးရန် ဆုံးဖြတ်တော်မူသည်။

ထို့ကြောင့် "လွလပ်စွာရွေးချယ်နိုင်သည်"ဟုပြောသည့် မှားယွင်းသောဩဝါဒက အရေးကြီးသောအမှန်တရား အများကို ငြင်းပယ်နေပါသည်။

ပထမ၊ ထိုဝါဒက ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်းကို ငြင်းပယ်သည်။ ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်းဆိုသည်မှာ ဘုရားသခင်၏အလိုဆန္ဒ(ဘုရားသခင်၏ရွေးချယ်မှု)က မည်သူတို့ကယ်တင်ခြင်းရမည်အပါအဝင် အရာအားလုံးကို ဆုံးဖြတ်သည်ဟုဆိုလိုခြင်းဖြစ်သည် (ဧဖက် ၁း၃–၆)။ "လွတ်လပ်စွာရွေးချယ်နိုင်ခြင်းဝါဒ"က ကယ်တင်ခြင်းတွင် လူ၏ရွေးချယ်ခြင်းသာအရေးကြီးသည်ဟု ပြောသည်။

ဒုတိယ၊ ၎င်းဝါဒက ကယ်တင်ခြင်းရစေနိုင်သောယုံကြည်ခြင်းသည် ဘုရားသခင်ပေးသောလက်ဆောင်ဖြစ် ၏ ဆိုခြင်းကို ငြင်းပယ်သည်(ဧဖက် ၂း၈–၁၀)။ ထိုသွန်သင်ခြင်းက ယုံကြည်ခြင်းဆိုသည်မှာ သခင်ယေရှုကိုအားကိုး မည်ဟု လူသားက ဆုံးဖြတ်ချက်ချခြင်းဖြစ်သည်ဟု ပြောသည်။

တတိယ၊ ၄င်းဝါဒက သခင်ခရစ်တော်သည် မိမိလူတို့အတွက်သာအသေခံသည် ဆိုသောအမှန်တရားကို ငြင်းပယ်သည် (မဿဲ ၁း၂၁)။ လွတ်လပ်စွာရွေးချယ်နိုင်သည်ဟု ယုံကြည်သောသူတို့က သခင်ခရစ်တော်သည် လူသားအားလုံးအတွက်သေသည်ဟုပြောကြသည်၊ ထို့ကြောင့် လူတို့ကယ်တင်ခံရခြင်းသည် ၄င်းတို့၏ရွေးချယ်မှုအပေါ်သာတည်သည်ဟု ပြောသည်။

စတုတ္ထ၊ ၄င်းဝါဒသည် ကျေးဇူးတော်အားဖြင့်သာကယ်တင်ခြင်းရသည်ဆိုသော အံ့သြစရာအမှန်တရားကို ငြင်းပယ်သောဝါဒဖြစ်ပါသည်(ဧဖက် ၂း၈–၁၀)။ လွတ်လပ်စွာရွေးချယ်နိုင်သည်ဆိုသောဝါဒက ကယ်တင်ခြင်းရရန် လူသားက တစုံတခုလုပ်ရမည်ဟု သင်၍၊ ကျမ်းစာက ကယ်တင်ခြင်းသည် "လိုချင်သောသူတတ်နိုင်သည်မဟုတ်၊ ပြေးသောသူလည်း တတ်နိုင်သည်မဟုတ်" ဘုရားသခင်ကသာတတ်နိုင်ပါသည်ဟု သင်ပါသည် (ရောမ ၉း၁၆)။

လွတ်လပ်စွာရွေးချယ်နိုင်သည်ဆိုသောဝါဒကို ယုံကြည်ကြကြောင်း ယနေ့ခေတ် ပေါ်ပြူလာဖြစ်နေသော တရားဟောခြင်းများ၊ ဧဝံဂေလိဟောခြင်းများတွင် တွေ့နိုင်ပါသည်။ ၄င်းတို့က အပြစ်သားများကို သခင်ခရစ်တော်အား လက်ခံကြရန် တောင်းပန်နေကြသည်၊ တရားပလ္လင်မှဖိတ်ခေါ်ခြင်းများပြုကြသည်၊ တောင်ဆိုခြင်းများ၊ စိတ်ဆုံးဖြတ်ချက်ချခြင်းများ၊ လက်ထောင်ပြခြင်းများနှင့် ၄င်းတို့နှင့်တူသောနည်းလမ်းများကို သုံးကြလျက် သခင်ခရစ်တော်ကို သူတို့ကယ်တင်ရှင်အဖြစ်လက်ခံကြရန် လူအများကို စည်းရုံးနေကြပါသည်။ ထိုသို့ပြုကြခြင်းက လူသည် ကယ်တင်ခြင်းရရန် သူ့ဘာသာ ဆုံးဖြတ်ချက်ချနိုင်သည်ဟု ယုံကြည်ကြ၍ပြုနေကြခြင်းဖြစ်သည်။

ထိုသို့ပြောသည့်အခါ၊ အချို့က ထိုသို့ဖြစ်လျှင် ဧဝံဂေလိဟောစရာ လိုပါဦးမည်လား?ဟုမေးချင်ပါလိမ့်မည်။ သို့သော် ဧဝံဂေလိတရားဆိုသည်မှာ "ကယ်တင်ခြင်းကိုပေးသောဘုရားသခင်၏တန်ခိုးတော်"ဖြစ်ပါသည်(ရေား၁၆)၊ ဘုရားသခင်က ထာဝရကာလကပင် ရွေးချယ်လျက် သခင်ခရစ်တော်ထံ၌ကယ်တင်ထားသူများကို ယုံကြည်ခြင်းနှင့် နောင်တတရားကို ပေးသောနည်းလမ်းဖြစ်ပါသည်။ ထို့ကြောင့် ဧဝံဂေလိတရားသည် လူအများကို ကယ်တင်ခြင်းသို့ ပို့ဆောင်သောတန်ခိုးဖြစ်ပါသည်။

## အပိုင်း (၃)

## သခင်ခရစ်တော်နှင့်သူ၏အလုပ်(Christ and His Work)

### ကျွန်တော်တို့ကယ်တင်ရှင်၏နာမည်များ(The Names of Our Savior)

ကျမ်းစာက သခင်ယေရှု၏အမည်များသည် အလွန်အရေးကြီးကြောင်း သင်ပေးပါသည်။ သီခြလောဂျီတွင် ထိုနာမည်များသည် အရေးကြီးလှသဖြင့် သီးသန့်အခန်းတခုဖြင့် ရေးသားလေ့ရှိပါသည်။

ဥပမာအနေနှင့် ယေရှုဆိုသောအမည်ကိုကြည့်ပါ၊ အလွန်အရေးကြီးသဖြင့် ခရစ်တော်မမွေးခင်ကပင် ဘုရားသခင်၏ကောင်းကင်တမန်က ယောသပ်ထံပေးထားသည်။ ထိုနာမည်၏အဓိပ္ပါယ်မှာ၊ ကောင်းကင်တမန်၏ဖွင့်ပြချက်မှကြည့်လျှင်၊ ဧဝံဂေလိတရားတခုလုံး၏ပုံစံငယ်ဖြစ်ပါသည်။ ထိုနာမည်၏အစိတ်အပိုင်းတခုစီတိုင်းသည် တရားဟောချက်ဖြစ်ပါသည်(မဿဲ ၁း၂၁)။ ထိုနာမည်အားဖြင့် လူအများ ကယ်တင်ခံကြရပါသည် (တမန် ၄း၁၂)။

ခရစ်တော်ဆိုသောအမည်ကလည်း ပြည့်စုံလွန်းလှသောအနှစ်သာရရှိသဖြင့် သခင်ယေရှုက ထိုနာမည်ကို ဝန်ခံချက်ပြုသူ ပေတရုအား ကောင်းချီးခံရသူဟု ကြေညာခဲ့ပါသည်။ ထို့အပြင် ထိုနာမည်ကိုသိနိုင်သည့် တခုတည်းသောနည်းလမ်းမှာ ဘုရားသခင်ကိုယ်တိုင်၏ဖွင့်ပြခြင်းသာဖြစ်သည်ဟု ဆက်ပြောပါသည်(မဿဲ ၁၆း၁၇)။ ထိုခရစ်တော်ဆိုသောနာမည်သည် အသင်းတော်၏မပြောင်းလဲနိုင်သောအခြေခံအုတ်မြစ်ဖြစ်ပါသည် (ငယ် ၁၈)။ ဒုတိယမွေးဖွားခြင်းခံရပြီးကြောင်း သက်သေလဲဖြစ်ပါသည်(၁ယော ၅း၁)။ ထိုအမည်ကို ဝန်ခံချက်မပြုသောသူများကို ရှင်ယောဟန်ဩဝါဒစာ ပထမနှင့်ဒုတိယစောင်များက အန္တိခရစ်ဟု၄င်း၊ လိမ်ညာသူဟု၄င်း ခေါ်ထားပါသည် (၁ယော ၂း၂၂၊ ၄း၃၊ ၂ယော ၇)။

သခင် ဆိုသောအမည်သည်လည်း ထို့အတူဖြစ်ပါသည်၊ ထိုနာမည်သည်ကြီးမြတ်လွန်းသဖြင့် သန့်ရှင်းသောဝိညာဉ်တော်၏ပြုပြင်ပေးမှုမပါလျှင် ယေရှုကို မည်သူကမျှ သခင်ဟု မခေါ်နိုင်ပါ (၁ကော ၁၂း၃)။ သခင် ဆိုသောအမည်အတွက် ထိုသို့ဖြစ်ခြင်းသည် ကျွန်တော်တို့ကယ်တင်ရှင်၏အခြားသောအမည်များအားလုံးအတွက်လည်း ထိုသို့ပင်ဖြစ်ပါသည်။

ယေရှု၏အမည်များသည် အရေးကြီးပါသည် အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့၏နာမည်များနှင့်မတူဘဲ၊ ထိုအမည်များက သူသည် မည်သို့သောသူဖြစ်သည်ဆိုသည့်အကြောင်းကို ပြောနေကြပါသည်။ ၄င်းတို့သည် ယေရှုခရစ်တော်အားဖြင့် ကျွန်တော်တို့ထံ ဖွင့်ပြနေသော ဘုရားသခင့်ဖွင့်ပြတော်မူချက်များ၏ အစိတ်အပိုင်းဖြစ်ကြသည်။ ထို့ကြောင့် ၄င်းတို့သည် ဧဝံဂေလိတရားတော်၏အရေးကြီးသောအစိတ်အပိုင်းများဖြစ်ကြသည်၊

ကယ်တင်ခြင်း ၏ကောင်းသောသတင်းဖြစ်ပါသည်။ ထိုနာမည်များကိုသိခြင်း၊ ဝန်ခံခြင်းသည် ကယ်တင်ခြင်းဖြစ်ပါသည်။

ထို့အတွက်ကြောင့် ယေရှု၊ ဘုရားသခင်၊ သန့်ရှင်းသောဝိညာဉ်တော်တို့၏နာမည်များကို ကျမ်းစာတွင် အမြောက်အများ ပေးထားခြင်းဖြစ်သည်။ ကျမ်းစာထဲ၌ သခင်ယေရှု၏အမည်တို့ကို ရေတွက်ကြည့်လျှင် အနည်းဆုံး ၁၅၀ ခန့်တွေ့နိုင်ပါသည်။ ၄င်းတို့ကိုသိခြင်း၊ ၄င်းတို့၌ မည်သည့်အဓိပ္ပါယ်ရှိကြောင်းသိရခြင်းသည် အလွန်ကြီးမြတ်သော ကောင်းချီးမင်္ဂလာဖြစ်ပါသည်။

သို့သော် ထိုနာမည်များကို နှုတ်တိုက် အခါခါ ရွတ်ဆိုယုံ၊ အဓိပ္ပါယ်မဲ့ရေရွတ်ယုံနှင့်တော့ ကောင်းချီးမင်္ဂလာများ ရောက်လာကြမည်မဟုတ်ပါ။ ထိုအမည်များကို သိခြင်း၊ ဘုရားသခင့်နှုတ်ကပတ်တော်မှနေ၍ ဘာကိုဆိုလိုကြောင်း သင်ယူခြင်းသာ အဓိကကျပါသည်။ ထိုအသိပညာဖြင့် ကျွန်တော်တို့၏ယုံကြည်ခြင်းသည် ခိုင်မာလာပါသည်။ ကျွန်တော်တို့ မည်သူ့ကိုယုံကြည်ကြောင်း သိလာကြပါသည်၊ သခင်ယေရှုထံ၌ကယ်တင်နိုင်သောတန်ခိုးရှိကြောင်း ပို၍စိတ်ချလာကြပါသည် (၂တိ ၁း၁၂)။ သူ၏နာမည်များကိုယုံကြည်ခြင်း ရှိရပါမည်၊ သူ၏နာမည်များက သူသည်အရာခပ်သိမ်း၏အရာခပ်သိမ်းဖြစ်ကြောင်း ကျွန်တော်တို့ကို ပြောပြနေပါသည်။ ထိုအသိပညာမရှိလျှင် ယုံကြည်ခြင်းသည် အလွန်အားနည်းနေပါမည်။

ထိုလိုအပ်ချက်ကို အထူးပြုသတိပေးနေရမည်ဖြစ်သည်။ တချို့ကတော့ ထိုနာမည်များကို ထပ်ခါတလဲလဲ ရွတ်နေခြင်းတွင် တန်ခိုးတမျိုးရှိသည်ဟု ပြောကြပါသည်။ ထိုသို့ယုံကြည်ရန် ကျမ်းစာအခြေခံမရှိပါ။ ခရစ်တော်၏နာမည်များမှထွက်လာသော ကယ်တင်သောတန်ခိုးသည် ယုံကြည်ခြင်းမှသာထွက်လာပါသည်။ ယုံကြည်ခြင်းကဲ့ ထိုနာမည်များ၏အဓိပ္ပါယ်များမှနေ၍ သူသည်မည်သူဖြစ်ကြောင်း၊ မည်သည်ကိုလုပ်ပေးကြောင်းတို့ကို သိရပါမည်။

သင် ယေရှု၏နာမည်များကို သိပါသလား? သူ၏နာမည်များဖြင် သူ့ကို ရင်းနှီးစွာ သိပါသလား? ကယ်တင်နိုင်သူအဖြစ် သိပါသလား? သင် သူ၏နာမည်များကို ချစ်ပါသလား? ကမ္ဘာကြီးရှေ့၌ထိုနာမည်များကို ဝန်ခံရဲလောက်အောင် လုံလောက်စွာချစ်ပါသလား? သင်ပြုပါသည်ဆိုလျှင်၊ သင်သည်လည်း ပေတရုကဲ့သို့ ကောင်းချီးခံရသူဖြစ်နေပါပြီ။

## ယေရှုဆိုသောနာမည်အကြောင်း(The Name Jesus)

ယေရှုဆိုသောနာမည်သည် ကျွန်တော်တို့ကယ်တင်ရှင်၏နာမည်များထဲတွင် အထူးဖြစ်သောနာမည်ဖြစ်သည်။ သူ၏အမည်စစ်ဖြစ်သည်။ အခြားသောသူ၏နာမည်အများသည် သူ၏ဘွဲ့ဂုဏ်ထူးများကိုဖေါ်ပြသည့်အမည်များဖြစ်ကြပါသည်။ အထူးသဖြင့် ခရစ်တော်၊ သခင် စသည်အမည်များဖြစ်သည်။ သို့သော် ယေရှုဆိုသောအမည်မှာ သူ၏ခမည်းတော်ကိုယ်တိုင်က ပေးသောအမည်ဖြစ်သည်၊ ထိုအမည်ဖြင့် သူ့ကို ဘုရားသခင်၏မိသားစုထဲတွင် ခေါ်ပါသည်၊ အချစ်ခံရပါသည်။ ကျွန်တော်တို့သည် အခြားသောအမည်များထက် ထိုအမည်ဖြင့် သူ၏အကြောင်းကို ပြောဆိုကြသည်၊ သူထံသို့စကား ပြောကြပါသည်။

ယေရှုဆိုသောနာမည်၏အဓိပ္ပါယ်ကိုသိကြသောအခါ၊ ထိုနာမည်သည် မည်မျှအံ့ဩစရာကောင်းကြောင်း သဘောပေါက်လာကြပါသည်။ ဘုရားသခင့်မိသားစုထဲ၌ခေါ်သောထိုနာမည်၏အဓိပ္ပါယ်မှာ "ကယ်တင်ရှင်၊" (သို့)"ယေဟောဝါကကယ်တင်သည်"ဟူ၍ဖြစ်သည်။ တွေးကြည့်ပါ၊ သူ့ထံကျွန်တော်တို့ ထိုအမည်ဖြင့်စကားပြောတိုင်း၊ သူ့အကြောင်းကို ထိုအမည်ဖြင့် ပြောဆိုကြတိုင်း၊ သူသာလျှင် ကယ်တင်ရှင်၊ ဘုရားသခင်စေလွှတ်သောကယ်တင်ရှင်ဖြစ်သည်ဟု ပြောနေကြခြင်းဖြစ်ပါသည်။

ယေရှုဆိုသောနာမည်၏အဓိပ္ပါယ်ကို ကောင်းကင်တမန်ဂေဘရီအဲလ်က ဤသို့ဖွင့်ပြပါသည်၊ ယောသပ်ထံ ယေရှုမွေးဖွားမည်ဟု ကြေညာချိန်တွင် ပြောခဲ့ခြင်းဖြစ်သည်၊ "သင်သည် သူ့ကို ယေရှု အမည်ဖြင့်ခေါ်ရမည်၊ အဘယ်ကြောင့်ဆိုသော် သူသည် သူ့လူများကို သူတို့အပြစ်များမှနေ၍ ကယ်တင်မည်ဖြစ်သည်" (မဿဲ ၁း၂၁)။ ထိုကြောင့် ထိုနာမည်တခုထဲ၌ပင် ပြည့်စုံကြွယ်ဝလှသောအဓိပ္ပါယ် ရှိနေပါသည်။

ယေရှုဆိုသောအမည်က ယေဟောဝါကို ရည်ညွှန်းနေသောကြောင့် ကောင်းကင်တမန်က ယေရှုဆိုသောအမည်နှင့်ပတ်သက်၍ ပြောပြနေသောအဓိပ္ပါယ်မှာ ကယ်တင်သောယေဟောဝါဟု ဆိုလိုခြင်းဖြစ်သည်။ သူမှလွဲ၍ မည်သူကမျှ မကယ်တင်နိုင်ပါ။ ယေရှုဆိုသည်မှာ ဘုရားသခင်စေလွှတ်သောကယ်တင်ရှင်ဖြစ်သည်၊ ဘုရားသခင်ထံတော်မှ လာခဲ့ခြင်းကြောင့်သာမဟုတ်ပါ၊ ဘုရားသခင်က သူတပါးတည်းမှသာ ကယ်တင်တော်မူ၍လည်းဖြစ်ပါသည်။

ယေရှုဆိုသောအမည်က သူ့ကိုယုံကြည်သမျှသောသူတို့သည် သေချာစွာကယ်တင်ခြင်းခံကြရကြောင်းကိုလည်း ပြောပြနေပါသည်။ သူသည် သူ့လူများကိုကယ်တင်သူဖြစ်ပါသည်။ သူသည် သေချာစိတ်ချရသော ကယ်တင်

ရှင် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူသည် ဘုရားသခင်ထံတော်မှလာသူ၊ ဘုရားသခင်၏ကြီးမြတ်သော ကယ်တင်ခြင်းကိုယူဆောင်လာသူဖြစ်ပါသည်။

သူ့နာမည်က ပြောပြနေသည်မှာ သူသည် ခမည်းတော်က သူ့ကိုပေးသောသူများကိုသာ ကယ်တင်သူဟု ပြောနေပါသည်(လူတိုင်းမဟုတ်ပါ၊ ခမည်းတော်ဘုရားက ပေးထားသူများကိုသာဖြစ်သည်)၊ ထို့ကြောင့် သူ့ကို သူ့လူများအားကယ်တင်သူဟု ခေါ်ပါသည်။ သူသည် လူအားလုံးတယောက်မကျန်ကို ကယ်တင်မည့်သူမဟုတ်ပါ။ လူတချို့အတွက် ထိုအမှန်တရားသည် ကြောက်စရာအမှန်တရားဖြစ်နေပါသည်။ သို့သော် ထိုအမှန်တရားကို သေချာနားလည်သူတို့အတွက်မူ ကောင်းချီးခံရသော၊ အံ့ဩစရာအမှန်တရားဖြစ်ပါသည်။ သူသည် လူအချို့တို့ကိုသာ ကယ်တင်မည်ဆိုသည့်အဓိပ္ပါယ်မှာ သူသည် ကယ်တင်ရှင်ဖြစ်ရန်ကြိုးစားနေလျှက်၊ အများသောသူတို့အတွက် အမြဲကျဆုံးနေသူမဟုတ်ပါ၊ ထိုမှဆန့်ကျင်စွာ သူသည် သူ့ထံသို့ဘုရားသခင်ကလက်ဆောင်အဖြစ်ပေးထားသူတို့၏ သေချာလှသော၊ မကျဆုံးနိုင်သော ကယ်တင်ရှင်ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ယေရှုဆိုသောအမည်က သူသည် အပြစ်မှကယ်တင်သူဖြစ်ကြောင်းကိုလည်း ကျွန်တော်တို့ကို သတိရနေစေပါသည်။ လူအများက ထိုသို့သောကယ်တင်ရှင်ကို အလိုမရှိကြပါ။ အများက သူတို့ဝမ်းကို ဝစွာကျွေးမည့်သူကိုသာ အလိုရှိကြပါသည်။ ဖျားနာခြင်းများမှပျောက်ကင်းစေမည့်သူ၊ မျက်မှောက်ပြဿနာများကို ဖြေရှင်းပေးမည့်သူကိုသာ လိုချင်ကြပါသည်။ သို့သော် ကျေးဇူးတော်အားဖြင့် မိမိတို့သည် ဘုရားသခင်၏ရှေ့တော်မှောက်တွင် အပြစ်သားများဖြစ်ကြသည်ဟု သဘောပေါက်ကြသူများ၊ "ဘုရားသခင် ကျွန်တော်ကဲ့သို့သောအပြစ်သားကို သနားတော်မူပါ"ဟု ဗိမ္မာန်တော်ထဲ၌ အပေါ်သို့ပင်မော့မကြည့်ဝံ့ဘဲ ဆုတောင်းခဲ့သူ အခွန်ခံကဲ့သို့(လုကာ ၁၈း၁၃)၊ ဆုတောင်းသူများသာ မိမိတို့နှလုံးသားများ၏လိုအင်ဆန္ဒများနှင့်၊ ငရဲမှ လွတ်မြောက်ရာလမ်း၊ အပြစ်မှခွင့်လွှတ်ခြင်းရရာလမ်း၊ ဘုရားသခင်နှင့်ငြိမ်းချမ်းရေးရရာလမ်း၏သေချာစိတ်ချမှုစသည်တို့ကို ခရစ်တော်ထံ၌တွေ့မြင်နိုင်ကြပါသည်။

သူ့အားယေရှုဟု သိရခြင်းသည် မည်မျှကောင်းချီးကိုခံရပါသနည်း! "ကောင်းကင်အောက် လူများအကြားတွင် ပေးသမျှသောနာမည်များ၌ ကျွန်တော်တို့ကိုကယ်နိုင်သော သူ၏နာမည်ကဲ့သို့မည်သည့်နာမည်မျှမရှိပါ" (တမန် ၄း၁၂)။ ထိုနာမည်ကို လူအများက ရှေးနှစ်ထောင်ပေါင်းများစွာက အသက်ရှင်ခဲ့သူတယောက်အနေနှင့်သာမဟုတ်ဘဲ၊ ဘုရားသခင့်သားတော်၏အမည်အဖြစ်၊ သူတို့ကယ်တင်ရှင်၏အမည်အဖြစ် သိနိုင်ကြပါစေဟု ဆုတောင်းပါသည်။ (Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++++++++++++++++

## ကောင်းကင်နိုင်ငံတော်၏ အဖိုးထိုက်တန်ခြင်း (ပထမပိုင်း)
## The Worth of the Kingdom (Part 1)

၄၄–တနည်းကား၊ ကောင်းကင်နိုင်ငံတော်သည် လယ်၌ဝှက်ထားသောဘဏ္ဍာနှင့်တူ၏။ ထိုဘဏ္ဍာကိုတွေ့သောသူသည်တဖန်ဖုံးအုပ်၍၊ ဝမ်းမြောက်သောစိတ်နှင့်သွားပြီးလျှင်၊ ရတတ်သမျှကိုရောင်း၍ထိုလယ်ကိုဝယ်တတ် ၏။

၄၅–တနည်းကား၊ ကောင်းကင်နိုင်ငံတော်သည် မြတ်သောပုလဲတို့ကိုရှာသော ကုန်သည်နှင့်တူ၏။ ၄၆–ထိုကုန်သည်သည် အလွန်အဖိုးထိုက်တန်သောပုလဲကိုတွေ့သောအခါ၊ သွား၍မိမိ၌ရတတ်သမျှကိုရောင်းပြီးလျှင် ထိုပုလဲကိုဝယ်လေ၏။ (မဿဲ ၁၃း၄၄–၄၆)

**မိတ်ဆက်စကား**

ရှင်မဿဲခရစ်ဝင် (၁၃း၄၄–၄၆) တွင်တွေ့ရသော ပုံဥပမာ(၂)ခုသည် ပြီးခဲ့သည့်အခန်းတွင် ကျွန်တော်တို့ဆွေးနွေးခဲ့သည့်ပုံဥပမာ(၂)ခုကဲ့သို့ပင် တပေါင်းတစည်းထဲဆင်ခြင်သုံးသပ်သင့်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့အချင်းချင်းညီညွတ်မှုရှိနေကြ၍ဖြစ်သည်။ ပုံဥပမာ(၂)ခုစလုံးက အလွန်တန်ဖိုးရှိ၍အလွန်နှစ်သက်မြတ်နိုးဘွယ်ကောင်းသော အရာဝတ္ထုများအကြောင်းကိုပြောပြနေပါသည်။ ပုံဥပမာတခုက လယ်ကွင်းထဲမှရတနာသိုက်အကြောင်းကိုပြောပြထားသည်။ အခြားတခုက ကမ္ဘာတခုလုံးမှာအတူမရှိသောကြောင့် အလွန်တန်ဖိုးကြီးသောပုလဲရတနာအကြောင်းပြောပြနေသည်။ ပုံဥပမာ(၂)ခုလုံးက ထိုရတနာများကိုပိုင်ဆိုင်နိုင်ဖို့အတွက် ပေးဆပ်ရမည့်တန်ဖိုးအကြောင်းပြောပြထားသည်။ ပုံဥပမာ(၂)ခုစလုံးတွင် ပေးဆပ်ရမည့်တန်ဖိုးသည် သူတို့ထံ၌ရှိသမျှအားလုံးပင်ဖြစ်ကြောင်းတွေ့ရသည်။ ဤသို့အလွန်တန်ဖိုးကြီးနေသော်ငြားလဲ ထိုသူ(၂)ဦးစလုံးသည် သူတို့ရှာတွေ့ထားသော ထိုရတနာများကိုပိုင်ဆိုင်နိုင်ဖို့အရေး ဘာဘဲဖြစ်ဖြစ်ပေးဆပ်ရန်အသင့်ရှိနေကြကြောင်းတွေ့ရသည်။

ဤပုံဥပမာ(၂)ခုအကြားမတူညီမှုများသည်လဲ အမှန်စင်စစ်တခုနှင့်တခုအပြန်အလှန်ပြည့်စုံစေသောအရာများဖြစ်နေကြသည်။ မတူညီမှုများသည်ညှိ၍မရလောက်အောင်အရေးကြီးနေခြင်းမျိုးမဟုတ်သည့်အပြင် ပုံဥပမာ(၂)ခုကို စုံလင်သောတခုအဖြစ်သို့ပေါင်းစပ်ပေးလိုက်သည့်မတူညီမှုမျိုးဖြစ်သည်။

ပထမပုံဥပမာက ရတနာသိုက်အပေါ်တွင်အာရုံစိုက်ထားသည်။ –ကောင်းကင်နိုင်ငံတော်သည် လယ်ကွက်ထဲမှာမြှုပ်ထားသောရတနာသိုက်နှင့်တူ၏– ဟုဖေါ်ပြထားသည်။ ဒုတိယပုံဥပမာက ရတနာကိုပိုင်ဆိုင်နိုင်ဖို့တန်ဖိုးကြီးမြင့်စွာပေးဆပ်ရမည့်အကြောင်းအပေါ်အာရုံစိုက်ထား၏။ သခင်ဘုရားက –ကောင်းကင်နိုင်ငံတော်သည် မြတ်သောပုလဲနှင့်တူ၏– ဟူ၍မပြောဘဲ၊ –ကောင်းကင်နိုင်ငံတော်သည်မြတ်သောပုလဲတို့ကိုရှာသော ကုန်သည်တဦးနှင့်တူ၏– ဟု ပြောပြထား၏။ ဤမတူညီမှုများကို အလေးပေး၍စဉ်းစားဆင်ခြင်ရန် စိတ်ထဲမှတ်ထားသင့်သည်။ ထိုသို့မဟုတ်လျှင် ထိုပုံဥပမာ(၂)ခုအကြားမတူညီမှုများကြောင့် သခင်ဘုရားသွန်သင်ပေးသောဆိုလိုရင်းအဓိပ္ပါယ်မှလွဲချော်၍ အနက်ဖွင့်မိသွားနိုင်သည်။

ဤပုံဥပမာများတွင်လဲ ထိုအချိန်မှခရစ်တော်၏တပည့်တော်များနှင့် သူတို့ကိုတမန်တော်အဖြစ်ခေါ်တော်မူခံရခြင်းကိစ္စတွင် လက်တွေ့အသုံးချစရာများပါရှိနေ၏။ အမှန်စင်စစ် ဤပုံဥပမာတို့ကိုတမန်တော်တို့ထံသီးသန့်ပြောပြခဲ့ခြင်းဖြစ်၍ မူလပထမအနေနှင့် သူတို့အတွက်သီးသန့်ရည်ရွယ်၍ ပြောပြခဲ့ခြင်းဖြစ်ကြောင်းထင်ရှားပါ၏။ ဤသို့ပြောရခြင်း၏ရည်ရွယ်ချက်(၂)ခုရှိ၏။ တဖက်တွင် တပည့်တော်များသည် ခရစ်တော်ကဤကမ္ဘာကြီးတွင်လာရောက်တည်ထောင်မည့်နိုင်ငံတော်သည် မြေကြီးနှင့်ဆိုင်သော၊ သူတို့၏အတ္တဆန်သောရည်ရွယ်ချက်များအတိုင်းဖြစ်လိမ့်မည် ဟုတွေးထင်နေကြယုံမကဘဲ၊ သူတို့ကိုယ်တိုင်သည်လဲ ထိုနိုင်ငံတော်ထဲတွင်သခင်ဘုရားကခန့်အပ်မည့်အထက်တန်းရာထူးကြီးများရရှိကြလိမ့်မည်ဟု စွဲလန်းစွာ မျှော်လင့်စောင့်စားလျက်ရှိနေခဲ့ကြ၏။ အမှန်စင်စစ် သူတို့အကြားမှာ အကြီးမြတ်ဆုံးသောသူမည်သူဖြစ်သင့်/မသင့်ဆိုသည်ကို မကြာခဏငြင်းခုန်နေတတ်ကြ၏။ တကြိမ်မှာတော့ သခင်ခရစ်တော်အုပ်စိုးမည့်နိုင်ငံတော်ထဲတွင် ဒုသမ္မတမည်သူလုပ်ရမည်နည်းဆိုသည်ကိုအတိအကျပြောပြရန် သခင်ဘုရားကို တောင်းလျှောက်ခဲ့ကြ၏။ ထိုသို့ဖြစ်နေကြသောကြောင့် သူတို့သည် ကောင်းကင်နိုင်ငံတော်က သူတို့ထံမှမည်သည့်အရာကိုတောင်းဆိုလိမ့်မည်နည်း? ဆိုသည့်မေးခွန်းမျိုးကိုလုံးဝမတွေးခဲ့ကြဖူးသလို၊ ရင်ဆိုင်ဖို့ရန်ခွန်အားလဲမရှိခဲ့ကြပါချေ။ သူတို့ဖြစ်ချင်နေကြသည်မှာ သခင်ဘုရားကမျက်နှာသာပေးခြင်းခံရသူများဖြစ်သောကြောင့် နိုင်ငံတော်ထဲမှာသူ တို့အတွက်ဘာအကျိုးအမြတ်ရနိုင်မလဲ? ဆိုသည့်အကြောင်းကိုသာသိချင်ခဲ့ကြ၏။

အခြားတဖက်တွင် ဤတမန်တော်များသည် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းကို မြေကြီးဆုံးတိုင်သွားရောက်ဟောပြောကြဖို့ တာဝန်ပေးအပ်ခြင်းခံကြရလိမ့်ဦးမည်။ လူမျိုးတကာ၊နိုင်ငံတကာ၊ဘာသာစကားအားလုံး–တို့အထဲမှ သခင်ဘုရား၏အသင်းဝင်များကိုစုစည်းခေါ်ဆောင်ဖို့ နည်းလမ်းအဖြစ်အသုံးတော်ခံကြရလိမ့်ဦးမည်။ ဤမြင့်မြတ်လှသောတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ဖို့ရန်အတွက် တပည့်တော်များသည် အလွန်မြင့်မားသောအဖိုးအခကို ပေးဆပ်ကြရလိမ့်ဦးမည်ဖြစ်၏။ တကယ်တော့ သူတို့ထံမှအဆုံးစွန်သောတန်ဖိုးကို ပေးအပ်ဖို့တောင်းဆိုခြင်းခံကြရလိမ့်ဦးမည်ဖြစ်၏။ သခင်ဘုရားက ဤအချက်ကိုစိတ်ထဲမှာထားလျက်နှင့် ကောင်းကင်နိုင်ငံတော်၏အစစ်အမှန်လက္ခဏာ၊ ကောင်းကင်နိုင်ငံတော်၏ဝိညာဉ်ရေးရာလုပ်ငန်း၏သဘောသဘာဝအမှန်၊–တို့ကို တပည့်တော်များထံသွန်သင်ပေးနေခြင်းဖြစ်၏။

ဤကဲ့သို့ တမန်တော်များအတွေးအခေါ်မှားနေကြခြင်းသည် ကျွန်တော်တို့အတွက် လုံးဝထူးခြားမနေပါ။ ကျွန်တော်တို့သည်လဲ နိုင်ငံတော်အတွင်းမှာ နေရာတနေရာစာယူ၍ နိုင်ငံတော်၏လှုပ်ရှားမှုများထဲမှ ကိုယ့်အတွက်အကျိုးအမြတ်တခုခုရှိနိုင်သည်ဟု မျှော်လင့်လျက်ပါဝင်တတ်ကြသည်မဟုတ်ပါလား? သို့သော်သခင်ဘုရားက ကောင်းကင်နိုင်ငံတော်၏ရတနာများကိုပိုင်ဆိုင်နိုင်ဖို့အတွက် အဆုံးစွန်သောစွန့်လွှတ်ပူဇော်ခြင်းမဖြစ်မနေလုပ်ကြရမည်ဟု လမ်းညွှန်ပြနေပါသည်။

ဤပုံဥပမာ(၂)ခုထဲမှ သခင်ခရစ်တော်၏ဆိုလိုရင်းကို ရှာဖွေတွေ့ရှိနိုင်ဖို့အတွက်ဆိုလျှင် သခင်ဘုရားပြောပြသည့်အဓိကအချက်များနှင့် မကိုက်ညီသည့်အသေးစိတ်အချက်များကို ကိုယ်လိုရာဆွဲ၍အနက်မဖွင့်ကြဖို့ရန်အရေးကြီးသည်။ ကျမ်းစာအနက်ဖွင့်သူများသည် ဤပုံဥပမာ၏အသေးစိတ်အချက်အလက်များထဲတွင် နစ်မြုပ်နေကြယုံသာမက၊ သဘာဝမကျသောအယူအဆများကြို့တင်စွဲကိုင်ထားကြခြင်းဖြင့် ပုံဥပမာ၏အဓိကသွန်သင်ချက်ဆီမှလွဲချော်သွားတတ်ကြသည်။ ထိုသို့မဖြစ်ရန် သခင်ဘုရားကအဓိကသွန်သင်ပေးချင်သည့်အချက်ကို ကျွန်တော်တို့နားလည်သဘော ပေါက်ကြောင်းသေချာရန်လိုသည်။ ဤသို့သေချာအောင်လုပ်ဆောင်ပြီးကြသည့်အခါတွင် အစိတ်အပိုင်းအားလုံးအံဝင်ခွင်ကျပေါင်းစပ်လာပုံကို ကျွန်တော်တို့တွေ့နိုင်ကြလိမ့်မည်။ ထို့အတူ ဤပုံဥပမာများ၏အသေးစိတ်

အချက်အလက်မှန်သမျှကို သီးသန့်အနက်ဖွင့်ချက်များနှင့်အတူအသုံးချဖို့ကြိုးစားရန်မလိုအပ်ကြောင်းကို ထင်ရှားစွာ သိမြင်လာလိမ့်မည်ဖြစ်၏။

ဤအသေးစိတ်အချက်အလက်များအနက်တခုမှာ –ပထမပုံဥပမာထဲမှ မြုပ်နှံထားသောရတနာသိုက်ကိုခလုတ်တိုက်မိသောလယ်သမားအကြောင်းပင်ဖြစ်၏။ သူသည်သူ့သခင်ပိုင်ဆိုင်သောလယ်မြေကိုထွန်ယက်နေစဉ် ဤသို့ဖြစ်သွားကြောင်းသိသာ၏။

လူတချို့သည် ဤသို့သူတပါး၏လယ်မြေထဲမှရတနာသိုက်ကို မတော်တဆတွေ့မိချိန်မှာလူသိရှင်ကြားထုတ်မပြောဘဲ၊ ထိုလယ်မြေကိုပေါက်ဈေးဖြင့်အပိုင်ဝယ်ယူဖို့ရန်ကြိုးစားသောကိစ္စ၏ လူ့ကျင့်ဝတ်ဆိုင်ရာမေးခွန်းထုတ်စရာများကြောင့် စိတ်အနှောက်အယှက်ဖြစ်ကြရ၏။ ထိုခေတ်ကာလတွင်လူတိုင်းသိကြသောဥပဒေဖြစ်သည့် ရတနာတခုခုကိုမည်သူပိုင်သောဒေသမှာဘဲတွေ့တွေ့ ရှာတွေ့သူသည်သာပိုင်ရှင်ဖြစ်သည်–ဟူသောဥပဒေကိုထဲ့မပြောသေးဘဲနှင့်ပင်၊ ဤရှုထောင့်သည် သခင်ဘုရားသွန်သင်ပေးလိုသောအကြောင်းအရာပြင်ပမှဖြစ်နေကြောင်းသတိပြုရမည်။ ဤအကြောင်းကြောင့်ပင်လျှင် ထိုလယ်သမားသည် ရတနာသိုက်တွေ့သောလယ်မြေကိုဝယ်ယူဖို့ကြိုးစားမည့်အစား ရတနာများကိုသာ ယူသွားလိုက်လျှင်ပို၍မကောင်းပေဘူးလားဟူသောမေးခွန်းမျိုးထပ်မေးခြင်းဖြင့် အချိန်ဖြုန်းမနေသင့်ပါ။

ဤသဘောနှင့်အလားတူကိစ္စမှာ –ကုန်သည်ကြီးက အဖိုးတန်ပုလဲများကိုလိုက်ရှာနေရင်းနှင့် အတုမဲ့ပုလဲရတနာကိုရှာတွေ့ခြင်းဖြစ်၏။ ဤအကြောင်းကိုလဲ –လူအားလုံးသည်ကောင်းကင်နိုင်ငံတော်၏ကြွယ်ဝချမ်းသာမှုများကိုအမှန်တကယ်ရှာဖွေနေကြသယောင် မကြာခဏအနက်ဖွင့်တတ်ကြ၏။ လူသားအားလုံးတွင် ဘုရားသခင်အားလိုချင်စိတ်ရှိကြောင်း၊ စစ်မှန်သောကိုးကွယ်ယုံကြည်ခြင်းကိုတော်မွတ်နေကြကြောင်း၊ အမြင့်ဆုံးသောဘုရားနှင့်ငြိမ်းချမ်းရေးရနိုင်ဖို့စိုးရိမ်ကြီးစွာရှာဖွေနေကြကြောင်း– အနက်ဖွင့်တတ်ကြ၏။ ထိုသို့ဖြင့်မထင်မှတ်ဘဲ၊ သို့မဟုတ်ရှိမည်ဟုမထင်သောနေရာ(သူတို့ထွန်ယက်နေသောမြေပေါ် မှာသို့မဟုတ် သူတို့ သွားသောဈေးခင်းထဲမှာ) မှာဤရတနာသိုက်ကိုခလုတ်တိုက်မိကြတော့သည် –ဟူ၍အနက်ဖွင့်တတ်ကြ၏။

ဤရှုထောင့်သည် ဤပုံဥပမာထဲတွင်သခင်ယေရှုသွန်သင်ပေးချင်သောအရာမဟုတ်ပါဟု မပြောသေးဘဲနှင့်ပင်၊ ဤရှုထောင့်သည် နှုတ်ကပတ်တော်၏သွန်သင်ချက်နှင့်တိုက်ရိုက်ဆန့်ကျင်ဖက်ဖြစ်နေကြောင်းထင်ရှားလှသည်။ လူအားလုံးဘုရားသခင်ကိုတမ်းတနေကြသည်၊ နိုင်ငံတော်၏ချမ်းသာကြွယ်ဝမှုများကို အရေးတကြီးရှာဖွေနေကြသည်ဟု သမ္မာကျမ်းစာကလုံးဝပြောမထားပါ။ ထိုမှခြားနားစွာ သမ္မာကျမ်းစာက ဆိုးညစ်သောသူများသည်ထိုကြွယ်ဝချမ်းသာမှုရှိသောနေရာကိုသိကြကြောင်း– ရှင်းလင်းစွာထပ်ခါတလဲလဲပြောပြနေပါ၏။ ထိုသို့သိသော်လည်း လူတဦးသည်ကျေးဇူးတော်၏တန်ခိုးတော်အားဖြင့် ကယ်တင်ခြင်းမခံစားရပါလျှင်သူတို့သည်ဘုရားသခင်အားတော်လှန်ပုန်ကန်ကြပြီး၊ ထိုကြွယ်ဝချမ်းသာခြင်းများဆီမှ သိသိကြီးနှင့်တမင်သက်သက်ဝေးရာသို့ရှောင်ထွက်သွားကြစမြဲဖြစ်၏။

<u>နိုင်ငံတော်၏တုနိုင်းမဲ့ တန်ဖိုးရှိမှု</u>

ယခုအစိကပုံဥပမာထဲကိုဝင်ကြပါမည်။ ဤနေရာမှာ သခင်ဘုရားသွန်သင်ပေးလိုသောအကြောင်းကိုညွှန်ပြနေသောအချက်(၃)ချက်ကိုတွေ့ရသည်။

(ပထမအချက်)–ပုံဥပမာများထဲမှဇာတ်ကောင်(၂)ဦးစလုံးသည် တုနိုင်းမဲ့တန်ဖိုးရှိသည့်ရတနာသိုက်များတွေ့ရှိသွားကြပုံကို သခင်ဘုရားကအတော်လေးအလေးပေး၍ပြောပြထားပါသည်။ နိုင်ငံတော်၏ကြီးကျယ်ခန်းနားလှသောတန်ဖိုးရှိမှုကို သခင်ဘုရားက ပထမပုံဥပမာထဲတွင်–ကောင်းကင်နိုင်ငံတော်သည်လယ်၌ဝှက်ထားသောဘဏ္ဍာနှင့်တူ၏– ဟူ၍နှိုင်းယှဉ်ပေါ်ပြထား၏။ လယ်သမားသည် ရွှေဒင်္ဂါးအမြောက်အမြားမြုပ်နှံထားသောရတနာသိုက်ကိုတွေ့ရှိခဲ့၏။ ကုန်သည်ကြီးသည် အလွန်တန်ဖိုးကြီးသောပုလဲရတနာကိုတွေ့ရှိခဲ့၏။ အနိုင်းမဲ့တန်ဖိုးရှိမှုအကြောင်းကိုပုလဲရတနာတွေ့ရှိခန်းတွင် အထူးအလေးပေးထား၏။ ယနေ့ကာလတွင်လဲ အဆင့်မြင့်ပုလဲသည်တန်ဖိုးကြီးမြင့်နေဆဲဖြစ်ပါသည်၊ သို့သော်ရှေးခေတ်အခါက ပုလဲရတနာကိုသာမန်ထက်လွန်ကဲစွာတန်ဖိုးထားခဲ့ကြပါ၏။ ထိုခေတ်အခါကရွှေငွေ၊ကျောက်သံပတ္တမြားတို့ထက် ပုလဲရတနာကိုပို၍တပ်မက်လိုချင်ခဲ့ကြ၏။ ထို့အပြင် ဤပုံဥပမာထဲမှ ပုလဲရတနာသည် အတုမဲ့သောပုလဲရတနာဖြစ်နေ၏။ တလောကလုံးမှာ ဤပုလဲမျိုးနောက်တခုမရှိတော့သော၊ အတုမဲ့ပုလဲရတနာမျိုး ဖြစ်တော့၏။

(ဒုတိယအချက်)–ဇာတ်ကောင်(၂)ဦးစလုံးက သူတို့ရှာတွေ့ခဲ့သောရတနာ၏တန်ဖိုးကိုတွက်ဆခဲ့ကြသည်။ ပုံဥပမာထဲတွင် သူတို့ရှာတွေ့ခဲ့သောအရာ၏ တန်ဖိုးအစစ်အမှန်ကိုတွက်ဆနိုင်စွမ်းရှိမှုအပေါ် တွင်အလေးပေးထားကြောင်းတွေ့ရ၏။ အထူးသဖြင့်ဒုတိယပုံဥပမာထဲတွင်ကောင်းကင်နိုင်ငံတော်ကို ပုလဲရတနာနှင့်နှိုင်းယှဉ်မထားဘဲ ပုလဲရတနာကိုရှာဖွေနေသောကုန်သည်ကြီးနှင့်နှိုင်းထား၏။ လယ်ကွင်းထဲမှမြုပ်ထားသောရတနာသိုက်ကိုတွေ့ရှိသွား

သောလယ်သမား သည်ထိုရတနာများကို ချက်ချင်းပြန်ဖွက်ထားရုံသာမကဘဲ ထိုလယ်မြေကိုဝယ်ယူဖို့ရန် သူပိုင်သမျှကို ကြီးမားသောဝမ်းမြောက်ခြင်းနှင့်ရောင်းချခဲ့၏။ ကုန်သည်ကြီးသည် နိုင်ငံပေါင်းများစွာကိုခရီးသွားခဲ့ပြီး၊ ဈေးကွက်ပေါင်းများစွာကို မွှေနှောက်ရှာဖွေခဲ့ဖူးသူဖြစ်သည်နှင့်အညီ ဤအတုမဲ့ပုလဲရတနာကိုတွေ့သည်နှင့်တန်ဖိုးကိုသိနိုင်ခဲ့၏။ အခြားသူများသည်လဲ ဤပုလဲကိုတွေ့ခဲ့ကြမည်မှာ သံသယဖြစ်စရာမရှိပါ။ သို့သော်ဤပုလဲရတနာသည် သူတို့အတွက်ထူးထူးခြားခြားလိုချင်တပ်မက်ဘွယ်မဆွဲဆောင်နိုင်၍လား (သို့မဟုတ်) သူတို့ဈေးနှုန်းစုံစမ်းလိုက်သောအခါမှာ အလွန်ဈေးကြီးလွန်းသည်ဟုထင်သွား၍လား –မသိနိုင်ပါ။ ဤကုန်သည်ကြီးကတော့ သူ၏လုပ်ငန်းနယ်ပယ်မှာ အထူးကျွမ်းကျင်သူဖြစ်၏။ သူသည် အနာအဆာမကင်းသော ပုလဲများနှင့် အနာအဆာလုံးဝကင်းစင်သော ပုလဲရတနာကိုခွဲခြားနိုင်စွမ်းရှိ၏။ သူသည်ပုလဲတလုံးကိုမျက်မြင်အရ အကဲဖြတ်ပြီး တန်ဖိုးအမှန်ကိုပြောနိုင်စွမ်းရှိ၏။ ဤအတုမဲ့ပုလဲရတနာကိုလဲ တွေ့လိုက်သည်နှင့် ထိမ်းမနိုင်သိမ်းမရနှလုံး ခုန်မြန်လာခဲ့ရကာ တန်ဖိုးအမှန်ကိုစိတ်ခံစားချက်နှင့်သိရှိနိုင်ခဲ့တော့၏။

(တတိယအချက်)–လယ်သမားနှင့်ကုန်သည်(၂)ဦးစလုံးသည် သူတို့ရှာတွေ့ခဲ့ရသောအရာပိုင်ဆိုင်နိုင်ဖို့ သူတို့ထံမှာရှိသမျှကိုစွန့်လွှတ်ရန်အသင့်ရှိနေခဲ့ကြ၏။ ဘယ်လောက်ဘဲပေးရပေးရများသည်မထင်။ သူတို့ပိုင်ဆိုင်သမျှအရာအားလုံးတောင်းဆိုခြင်းခံရသော်လည်းစိတ်ပျက်မသွားကြပါ။

သူတို့ပိုင်ဆိုင်သမျှအရာအားလုံးကိုရောင်းချပြီးသွားသောအခါ အပြန်အလှန်အားဖြင့်သူတို့လိုချင်သောရတနာများကိုပိုင်ဆိုင်ခဲ့ကြ၏။ အရောင်းအဝယ်၏နောက်ဆုံးအချိန်မှာ သူတပါးကဈေးပိုပေး၍အရောင်းအဝယ်ပျက်သွားခြင်းမျိုးမရှိ၊ သူတို့ထံ၌ရှိသမျှကိုရောင်းပြီးနောက်မှ မဝယ်နိုင်တော့တာမျိုးလဲမရှိ၊ သူတို့၏မဟာစွန့်လွှတ်မှုကြီးအပြီးမှာသူတို့လိုချင်သောရတနာများကိုပိုင်ဆိုင်ခဲ့ကြ၏။

## လယ်ကွင်း

ရတနာသိုက်မြှုပ်နှံထားသောလယ်ကွင်းသည် ဤလောကကိုဆိုလိုကြောင်းစိတ်ချလက်ချကောက်ချက်ဆွဲနိုင်ပါလိမ့်မည်။ သခင်ဘုရားသွန်သင်ပေးခဲ့သော အရင်ကပုံဥပမာထဲတွင် ဤသို့မှတ်ယူခြင်းမှန်ကန်ခဲ့သောကြောင့်၊ ဤနေရာတွင်လဲမှန်ကန်သည်ဟုစိတ်ချနိုင်ပါ၏။ ထို့အတူကုန်သည်ကြီးကပုလဲရတနာကိုတွေ့ရှိခဲ့သောဈေးခင်းသည်လဲ ဤလောကကြီးကိုပုံဆောင်သည်ဟု စိတ်ချလက်ချကောက်ချက်ဆွဲနိုင်ပါသည်။

ထို့အတူ ဘုရားသခင်၏နိုင်ငံတော်ဖြစ်သောအသင်းတော်သည် ဤလောကထဲမှာပေါ်ထွန်းလျက်ရှိသည် ကိုလဲမှတ်မိနေရမည်။ ဤနိုင်ငံတော်သည် ကောင်းကင်နှင့်ဆိုင်သော၊ ဝိညာဉ်ရေးရာနိုင်ငံတော်ဖြစ်သည်။ ဤမြေကြီးနှင့်မဆိုင်၊ မြေကြီးပေါ်မှာအပြည့်အဝကြီးထွားခြင်းသို့ရောက်လိမ့်မည်မဟုတ်။ ထို့အတူ ဓမ္မဟောင်းခေတ်က ဒါဝိဒ်မင်းနှင့်ရှောလမုန်မင်းတို့၏နိုင်ငံတော်သည် ကောင်းကင်နိုင်ငံတော်ကိုပုံဆောင်ထားချက်တခုဖြစ်ကြောင်းမှန်ကန်ပါသည်။ သို့သော်ပုံဆောင်ချက်အရိပ်သဏ္ဍာန်သာဖြစ်၍ အကောင်အထည်နှင့်မဟုတ်သေးပါ။ မည်သို့ပင်ဖြစ်စေဘုရားသခင်သည် သူ၏နိုင်ငံတော်ကို သခင်ခရစ်တော်၏အသင်းတော်အားဖြင့်ဤကမ္ဘာပေါ်တွင် ပေါ်ထွန်းစေဖို့ရည်ရွယ်ထားပါ၏။ ဤနိုင်ငံတော်သည် စာတန်၏နိုင်ငံနှင့်ဆိုးညစ်သောလောကီနိုင်ငံတို့၏အပေါ်မှာ ဝိညာဉ်သဘောအရအသာစီးဖြင့်ရပ်တည်နေပါ၏။ ဤနိုင်ငံတော်သည် –သခင်ခရစ်တော်က သူ၏ဝိညာဉ်တော်နှင့်နှုတ်ကပတ်တော်အားဖြင့်အုပ်စိုးနေသော၊ သူ၏သွန်းလောင်းသောအသွေးတော်၏တန်ခိုးအားဖြင့်အုပ်စိုးနေသော၊ သူ့လူများ၏ နှလုံးသားများထဲတွင် သူ၏ပလ္လင်တော်ကိုတည်ထောင်နေသော၊ သူ့လူတို့၏ဘဝများထဲတွင် သူ၏တောင်ဝှေးတော်ကိုဝှေ့ယမ်းဓောင့်ရှောက်လျက်ရှိသော– နိုင်ငံတော်ဖြစ်ပါ၏။ သခင်ခရစ်တော်ဒုတိယအကြိမ်ပြန်ကြွလာသောအချိန်ကျမှသာ ဤနိုင်ငံတော်သည် လုံးဝပြည့်စုံခြင်းသို့ရောက်မည်ဖြစ်၏။ ထိုအခါတွင်လောကနှင့်ဆိုင်သောအရာများသည် ကောင်းကင်နှင့်ဆိုင်သောအရာများအဖြစ်ပြောင်းလဲသွားမည်ဖြစ်ပြီး၊ နိုင်ငံတော်သည်အပြည့်အဝရုပ်လုံးပေါ်လာမည်ဖြစ်၏။ ကောင်းကင်နိုင်ငံတော်နှင့်ခရစ်တော်၏အသင်းတော်သည် ကြီးထွားမှုခြင်းအတူတူပင်ဖြစ်သည်။

ထို့ကြောင့်ရတနာသိုက်သည် အသင်းတော်အတွင်းမှာဖြစ်သည်။ အသင်းတော်သည် သာမန်လူမှုရေးအသင်းအဖွဲ့ သို့မဟုတ် လောကီအဖွဲ့အစည်းတရပ်ကဲ့သို့ခံယူ၍မရပါ။ အသင်းတော်သည် သခင်ဘုရားကိုယ်တော်တိုင် –စုဆောင်း၊ တည်ထောင်ဖွဲ့စည်းထားခြင်းဖြစ်သည်။ ဤအသင်းတော်သည် သူ့ကိုအပ်နှင်းထားသောတခုတည်းသောတာဝန် –ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းဟောပြောခြင်း –ကိုလုပ်ဆောင်သည့် ခရစ်တော်၏အသင်းတော်ဖြစ်ရမည်။ အသင်းတော်သည် အခြားအလုပ်များကိုလုပ်ဖို့ခေါ်ထားခြင်းမဟုတ်ပါ။ လူမှုရေးအသင်းအဖွဲ့၊ နိုင်ငံရေးပါတီ၊ ဥပဒေရေးဆွဲရေးအေဂျင်စီ၊ စီးပွားရေးအဖွဲ့အစည်း၊ ဤကမ္ဘာကြီး၏အနာရောဂါများကိုကုစားသည့်အသင်းအဖွဲ့ –မ

ဟုတ်ပါ။ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းဟောပြောခြင်းကိုသာလုပ်ဆောင်ဖို့ ခေါ်ခြင်းခံရသောခရစ်တော်၏ ခန္ဓာတော်ဖြစ်၏။ ယနေ့ခေတ်မှာဤအချက်ကို အသင်းတော်ကအကြိမ်ပေါင်းမည်မျှ မေ့လျော့နေတတ်ပါသနည်း?

ဤအကြောင်းအရာအားဖြင့် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းဟောပြောသည့်နေရာတွင်သာ ရတနာသိုက်တွေ့ရှိနိုင်ကြောင်းသိရ၏။ လူတို့၏ အတွေးအခေါ်ဒဿနနှင့် ဉာဏ်အမြော်အမြင်တို့က ကောင်းကင်နိုင်ငံတော်၏ရတနာသိုက်ကို ယူဆောင်မလာနိုင်ပါ။ ထို့အတူ လူမှုရေးသတင်းကောင်းဟောပြောခြင်းကလဲ ယူဆောင်မလာနိုင်ပါ။ စစ်မှန်သော၊ သစ္စာရှိသော၊ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းဟောပြောဖို့ခန့်အပ်ထားသော အသင်းတော်သည်သာလျှင် ပုံဥပမာထဲမှရတနာသိုက်သိုလှောင်ထားရာ ဘူမိနက်သန်နေရာမှန်ဖြစ်၏။

## ရတနာသိုက်

လူတယောက်က သူပိုင်သမျှအားလုံးပေးဆပ်၍ အရယူချင်စိတ်ရှိလာစေနိုင်သော ရတနာသိုက်သည် အဘယ်အရာမျိုးနည်း? ပုံဥပမာ(၂)ခုစလုံးရှိ ကြွယ်ဝချမ်းသာမှုသည် တခုတည်းသာဖြစ်၏။ ကုန်သည်ကြီးက အတုမဲ့ပုလဲရတနာကိုရှာတွေ့သည်။ ကောင်းကင်နိုင်ငံတော်၏ကြီးမြတ်သောရတနာတပါးရှိနေပါ၏။ ဤရတနာကိုအတိအကျသိနိုင်ဖို့ရန် သမ္မာကျမ်းစာကိုရှာဖွေစူးစမ်းကြည့်ပါလျှင် –သားတော်သခင်ယေရှုခရစ်တော်အားဖြင့်ရရှိသော အမြင့်ဆုံးသောဘုရားသခင်နှင့်မိဿဟာယပြုခွင့်ရခြင်းတည်းဟူသော တိုင်းတာ၍မရလောက်အောင်ဘုန်းကြီး၍ကြွယ်ဝသော ပုလဲရတနာပင်ဖြစ်သည်ဟု ကျွန်တော်တို့စိတ်ချစွာဆုံးဖြတ်နိုင်ပါ၏။ ဤကြီးမြတ်၍ကောင်းမွန်လှသော ကောင်းချီးမင်္ဂလာကို အသင်းတော်က အမြဲတမ်းသီဆိုချီးမွမ်းနေပါ၏။ အဘယ်ကြောင့်ဆိုသော် ဤအခွင့်ထူးကိုရရှိနိုင်ဖို့အရေး အသင်းတော်သည်ခေတ်အဆက်ဆက် မျှော်လင့်တမ်းတခဲ့၊ ဆုတောင်းခဲ့ရပါသည်။ ဤအခွင့်အရေးကိုရရှိခြင်းသည် လူတယောက်ပိုင်ဆိုင်နိုင်သမျှထဲမှ အကြီးမြတ်ဆုံးကောင်းချီးမင်္ဂလာပင်ဖြစ်၏။ ဤရတနာကိုမပိုင်ဆိုင်ခြင်းသည် ဘုရားသခင့်ရှေ့တော်မှနေ၍ ထာဝရကျိန်ခြင်းအမင်္ဂလာခံစားရာနေရာ၌ဖျက်ဆီးခံရသည်အထိ အနှင်ထုတ်ခံရခြင်းပင်ဖြစ်တော့၏။ ဆာလံ ၂၇း၄ တွင် ရှေးဟောင်းဆာလံသီချင်းဆရာက––သခင်ဘုရားထံမှ တခုသောအရာကိုငါရလို့ပါ၏၊ ထိုအရာကိုငါကြိုးစား၍ရှာဦးမည်၊ –သခင်ဘုရား၏လှပတင့်တယ်ခြင်းကိုငေးမျှော်ကြည့်လျက်၊ သူ၏ပလ္လင်တော်ရင်းမှာစူးစမ်းလေ့လာလျက်နှင့် ငါ၏ရှင်သန်သောနေ့ရက်အားလုံးကို သခင်ဘုရား၏အိမ်တော်အတွင်းမှာနေထိုင်ခွင့်ရရှိရေး–ပင်ဖြစ်ပါ၏။––ဟုဖွဲ့ဆိုထားခဲ့၏။ ဤအရာသည် ဘုရားသခင်နှင့် ပဋိညာဉ်မိဿဟာယဖွဲ့ခွင့်ရခြင်း၏ ကောင်းချီးမင်္ဂလာ၊ သခင်ယေရှုခရစ်တော်အားဖြင့် အမြင့်ဆုံးသောဘုရားသခင်နှင့် ရင်းနှီးစွာမိဿဟာယပြုနိုင်ခွင့်၏ကောင်းချီးမင်္ဂလာ၊ ဘုရားသခင်နှင့်အတူမိမာန်တော်တခုအတွင်းတွင် ပြည့်ဝစုံလင်သောပျော်ရွှင်ခြင်းဖြင့် ထာဝရကာလပတ်လုံးနေထိုင်သွားခွင့်ရခြင်း၏ ကောင်းချီးမင်္ဂလာပင်ဖြစ်၏။

ဤအတုမဲ့ကောင်းချီးမင်္ဂလာသည် ကြွယ်ဝလွန်းလှသောကြောင့် အခြားသောကောင်းချီးမင်္ဂလာများစွာလဲ တပေါင်းထဲပါဝင်နေ၏။ ရေတွက်၍မကုန်နိုင်သောရွှေစင်ရွှေခဲသဖွယ် ကောင်းချီးမင်္ဂလာအတုံးကလေးများစုစည်းထားသကဲ့သို့ဖြစ်၏။ လယ်ကွင်းထဲမှရတနာသိုက်သည် ရတနာအမျိုးမျိုးစုစည်းထားခြင်းဖြစ်သကဲ့သို့ပင် ကယ်တင်ခြင်းကောင်းချီးမင်္ဂလာတခုထဲအတွင်းမှာပင် အမျိုးမျိုးသောကောင်းမြတ်ခြင်းများစွာ တလက်လက်တောက်ပလျက်ပါဝင်နေပါ၏။

ပထမဆုံးအနေဖြင့် –ကျွန်တော်တို့က အော်ဒိုဆလူတီးစ်(ordo salutis) ဟု မကြာခဏရည်ညွှန်းတတ်ကြသော ကယ်တင်ခြင်း၏ကောင်းချီးမင်္ဂလာများဖြစ်ကြ၏။ ၄င်းတို့မှာ –အသစ်ပြုပြင်ခြင်း၊ ယုံကြည်ခြင်း၊ ပြောင်းလဲခြင်း၊ တရားသေလွှတ်ခြင်း၊ သန့်ရှင်းစေခြင်း၊ ခိုင်ခံ့စေခြင်း၊ ဘုန်းကြီးစေခြင်း –တို့ဖြစ်ကြ၏။ ဥပဒေကြောင်းအားဖြင့်ဆိုရလျှင် ဘုရားသခင်၏လူများ ကောင်းကင်နိုင်ငံတော်၏ အမွေစားအမွေခံဖြစ်သွားကြသောကြောင့် ခံစားရသောကောင်းချီး မင်္ဂလာအားလုံးအကျုံးဝင်နေပါ၏။

ဒုတိယအနေဖြင့် –ရေတွက်၍မကုန်နိုင်သောကောင်းချီးမင်္ဂလာများဖြစ်သည့် (ထာဝရအသက်သည် ဘုရားသခင်ကိုသိကျွမ်းခြင်းဖြစ်သည်ဟု ကျမ်းစာလာသော) ဘုရားသခင်အားသိကျွမ်းခြင်းအသိပညာ၊ လောကီသားတို့နားလည်နိုင်စွမ်းမရှိသော ငြိမ်သက်ခြင်း၊ လက်ဝါးကပ်တိုင်၏အသွေးတော်အားဖြင့် အပြစ်များကိုခွင့်လွှတ်ခြင်း၊ ကောင်းကင်ဘုံရှင်ဖခင်၏ သားသမီးများအဖြစ်သို့မွေးစားခံရခြင်း၊ ဘုရားသခင်၏မျက်နှာသာပေးခံရခြင်းနှင့်အချစ်ခံရခြင်းတို့မှရရှိသောပျော်ရွှင်မှု၊ ဘုရားသခင်၏ကောင်းမြတ်ခြင်းနှင့်ကြင်နာခြင်းတို့ကို အမြဲတမ်းအဆက်မပြတ်ခံစားရခြင်း၊ ဘဝ၏လေးလံသောဝန်ထုပ်ဝန်ပိုးများကို ထမ်းရွက်နိုင်စေရန်အားပေးနေသော ခွန်အားနှင့်ရဲစွမ်းသတ္တိ၊ ယုံကြည်ခြင်းအတွက် ကောင်းသောခုခံတိုက်ခိုက်မှုပြုခြင်း၊ –စသည်တို့ဖြစ်ကြသည်။

တတိယအနေဖြင့် –သခင်ခရစ်တော်၏အမှုတော်အတွက် ကျွန်တော်တို့ကြိုးစားအားထုတ်မှုများထဲတွင်ပါဝင်နေကြသော –ကျွန်တော်တို့၏ပဋိညာဉ်မိသားစုဝင် သားသမီးများအတွက်ကယ်တင်ခြင်းကတိတော်၊ ရွေးကောက်ခြင်းခံရသူတို့၏အစည်းအရုံး(အသင်းတော်)အတွင်း၌သန့်ရှင်းသူတို့မိဿဟာယပြုခြင်း၊ သခင်ခရစ်တော်၏နာမတော်နှင့်သူ၏အမှုတော်ကို အပြစ်တရားနှင့်အကုသိုလ်ဖုံးလွှမ်းရာကမ္ဘာကြီးအလယ်မှာ ဟောပြောသက်သေခံနိုင်သောအခွင့်ထူး၊ –စသည်တို့ဖြစ်ကြသည်။

ကျွန်တော်တို့သခင်ဘုရား၏လက်ဝါးကပ်တိုင်တော်အားဖြင့် ရရှိခံစားကြရသောကောင်းချီးမင်္ဂလာများ မည်မျှကြွယ်ဝ၍ အမျိုးအမည်စုံလင်ပါသနည်း၊ မည်မျှလှပ၍ဘုန်းထင်ရှားကြပါသနည်း။ ထို့အပြင် ဤအရာအားလုံးသည် ကျွန်တော်တို့၏ကယ်တင်ခြင်းအမှန်တကယ်ပြည့်စုံလာသောအခါတွင် ခံစားကြရမည့်ကောင်းချီးမင်္ဂလာများ၏အစပျိုးမျှသာ ရှိသေး၏။ ၎င်းတို့မှာ –ထာဝရအသက်ရှင်ခြင်း၊ ကောင်းကင်သစ်နှင့်မြေကြီးသစ်ကို အမွေဆက်ခံရခြင်း၊ ဘုရားသခင်၏နိုင်ငံတော်ထဲတွင် ခရစ်တော်နှင့်အတူအုပ်ချုပ်မင်းလုပ်ရခြင်းတို့ဖြစ်ကြ၏။ ကျွန်တော်တို့၏ကယ်တင်ခြင်းဖြစ်သော နှစ်ချို့နေသောဝမ်းမြောက်ဘွယ်ရာသတင်းကောင်းကြီးကို ကျွန်တော်တို့နားရွက်များကကြား၍ငြီးငွေ့နိုင် ပါ့မလား? ကျွန်တော်တို့ပိုင်သောချစ်ဖွယ်ကောင်းသောရတနာများကို ကျွန်တော်တို့နှလုံးသားထဲမှချစ်၍ဝနိုင်ကြပါမည်လား? ဘုရားသခင်၏ကြွယ်ဝလှသော ကောင်းမြတ်ခြင်းများကိုကြွေးကြော်ခြင်း၌ ကျွန်တော်တို့နှုတ်ခမ်းများက ပြော၍ဝနိုင်ကြပါ့မလား?

ဤသို့ကြီးမြတ်၍အဖိုးထိုက်တန်လှသောရတနာများသည် နှိုင်းယှဉ်ဘွယ်မရှိလောက်အောင် ကောင်းမြတ်ခြင်းနှင့်ပြည့်စုံ၍ ပုံဆောင်ဖေါ်ပြနိုင်စွမ်း၏အပေါ်မှာကျော်လွန်နေပါသည်။ ဤအရာများသည်အလွန်ကောင်းမြတ်လွန်းပြီး၊ ချစ်မြတ်နိုးဘွယ်ကောင်းလွန်းကြသောကြောင့် လူတို့တန်ဖိုးထားတတ်ကြသောလောကီအရာများကို တိုင်းတာသကဲ့သို့ တိုင်းတာ၍မရနိုင်ပါ။ သူတို့သည် သီးသန့်အဆင့်အတန်းတခုအတွင်းမှာရှိနေကြခြင်းဖြစ်သည်။ စဉ်းစားကြည့်ပါ –အပြစ်များမှခွင့်လွှတ်ခံရခြင်းကို ငွေကြေးဖြင့်တန်ဖိုးဖြတ်နိုင်ပါမည်လော? ဘုရားသခင်နှင့်ငြိမ်းချမ်းရေးရရှိခြင်းကို ရွှေငွေရတနာရရှိခြင်းမျိုးဖြင့် တန်ဖိုးဖြတ်နိုင်ပါမည်လော? ကျွန်တော်တို့နှင့်သားသမီးတို့အတွက်ခံစားရသောကယ်တင်ခြင်း၏ကောင်းချီးမင်္ဂလာများကို အိမ်ယာမြေကွက်တိုင်းတာသလိုမျိုး တိုင်းတာ၍ရနိုင်ပါမည်လော? နာမည်ကျော်ခြင်းနှင့်လောကီအာဏာကြီးခြင်းတို့ကို ထာဝရအသက်၏စံနှုန်းများနှင့် နှိုင်းယှဉ်၍ရပါမည်လော?

ဤဘဝ၏ရတနာများထက် ပို၍ကြီးမြတ်၊ ထိုအရာအားလုံးကိုအပြတ်အသတ်ကျော်လွန်၊ နှိုင်းယှဉ်ပြစရာမရှိဘဲ သီးသန့်အတန်းအစားအဖြစ်ရပ်တည်၊ –နေသည်မှာ ကောင်းကင်နိုင်ငံတော်၏ဘုန်းကြီးသောကြွယ်ဝခြင်းများပင်ဖြစ်ပါ၏။ သူတို့တစွေသီးသန့်ရပ်တည်နေကြရခြင်းမှာ –ကောင်းကင်နှင့်ဆိုင်သော၊ ဝိညာဉ်နှင့်ဆိုင်သောအရာများဖြစ်ကြ၍ဖြစ်သည်။ သူတို့သည် ဤကမ္ဘာ၏အစိတ်အပိုင်းများမဟုတ်ကြသလို၊ ဖန်ဆင်းခံရုပ်ဝတ္ထုများလဲမဟုတ်ကြပါ။ ဤကမ္ဘာ၏အရာဝတ္ထုများထက်မယှဉ်သာအောင်တန်ဖိုးရှိသည့်အပြင် သူတို့ထံ၌ကောင်းကင်ဝိညာဉ်ဆိုင်ရာအနှစ်သာရများပါဝင်နေပါ၏။ ထို့အတူ ဤလောကီရတနာများဖျက်ဆီးခြင်းခံရချိန်ရောက်သောအခါတွင်လဲ သူတို့သည် –ထာဝရတည်ခြင်း၊ မပျက်စီးနိုင်ခြင်း၊ မညစ်ညူးနိုင်ခြင်း၊ တို့နှင့်ပြည့်ဝနေမြဲဖြစ်၏။ သူတို့သည် ဘယ်တော့မှကုန်ခမ်းမသွား၊ ဘယ်တော့မှမှေးမှိန်မသွားနိုင်ပါ၊ ယခုမှစ၍ထာဝရကာလတိုင်အောင် ယုံကြည်သူများအား ကျေနပ်နှစ်သိမ့်ခြင်းအမြဲတမ်းပေးနေကြပါ၏။

(The Mysteries of the Kingdom, Rev. Harman Hanko ၏စာအုပ်ထဲမှ ဘာသာပြန်ပါသည်။)

============================================================

ဟေဗြဲ ၇း၁–၂၈

၁ – ထိုမေလခိဇေဒက်၊ ဆာလင်နိုင်ငံဘုရင်၊ အမြင့်ဆုံးသောဘုရားသခင် ၏ယဇ်ပုရောဟိတ်မင်းသည် ရှင်ဘုရင်များကို သတ်ပြီးပြန်လာသော အာဗြဟံကိုတွေ့ဆုံကာ ကောင်းချီးပေးခဲ့ပါသည်။

၂ – သူထံသို့ အာဗြဟံက အားလုံး၏ဆယ်ဖို့တဖို့ကို ပေးခဲ့သည်၊ သူ၏ပထမအမည်ကိုအနက်ဖွင့်လျှင် ဖြောင့်မတ်ခြင်းဘုရင်ဟူ ၍ဖြစ်သည်၊ ဆာလင်နိုင်ငံ၏ဘုရင်လည်းဖြစ်သည်၊ အမည်၏အနက်မှာ ငြိမ်းခြမ်းရေးဘုရင် ဖြစ်သည်။

၃ – အဖေမရှိ၊ အမေမရှိ၊ ဆွေစဉ်မျိုးဆက်မရှိ၊ အစပျိုးနေ့ရက်များမရှိ၊ အဆုံးသတ်နေ့ရက်များမရှိ၊ သို့သော် ဘုရားသခင်၏သားတော်ကဲ့သို့ ပြုလုပ်ထားသည်၊ အမြဲတမ်းယဇ်ပုရောဟိတ်ဖြစ်သည်။

၄ – ဤသူသည် မည်မျှကြီးမြတ်ကြောင်းတွေးကြည့်ပါ၊ ဖခင်ကြီးအာဗြဟံပင် သူ့ထံ သိမ်းပိုက်ရမိသောအရာများ၏ဆယ်ဖို့တဖို့ကို ပေးခဲ့သည်။

၅ – ယဇ်ပုရောဟိတ်ဌာနကိုလက်ခံရရှိကြသူ လေဝိ၏သားများသည် လူထု၏ဆယ်ဖို့တဖို့ကို ဥပဒေအတိုင်း လက်ခံရကြပါသည်၊ ဆိုလိုသည်မှာ သူတို့သည် အာဗြဟံထံမှဆင်းသက်လာကြသော သူတို့၏ညီအကိုများဖြစ်ကြသော်လည်း သူတို့ထံမှယူရခြင်းဖြစ်သည်။
၆ – သို့သော် သူတို့၏ဆွေစဉ်မျိုးဆက်ဟု သတ်မှတ်မခံရသော ထိုသူသည် အာဗြဟံထံမှ ဆယ်ဖို့တဖို့ကို လက်ခံရပါသည်၊ ကတိတော်အများကိုခံရသောသူကိုလည်း ကောင်းချီးပေး ခဲ့ပါသည်။
၇ – နိမ့်သောသူကို ကြီးမြတ်သူက ကောင်းချီးပေးတတ်သည်ကို ငြင်းခုံဖွယ်မရှိ။
၈ – ဤနေရာတွင် သေတတ်သောသူတို့က ဆယ်ဖို့တဖို့များကို လက် ခံကြသည်၊ သို့သော် ထိုနေရာတွင် အမြဲတမ်းအသက်ရှင်သူဟု သက်သေခံခြင်းကိုရသူက ၄င်းတို့ကို လက်ခံပါသည်။
၉ – ထို့အပြင် ဆယ်ဖို့တ ဖို့များကို လက်ခံရသော လေဝိသည်လည်း အာဗြဟံအထဲ၌ ဆယ်ဖို့တဖို့များကို ပေးခဲ့သည်ဟု ငါ ပြောနိုင်ပါသည်။
၁၀ – အဘယ်ကြောင့်ဆိုသော် မေလခိဇေဒက်က အာဗြဟံကိုတွေ့သောအခါ၊ သူသည် သူ့ဖခင်၏အတွင်း၌ ရှိနေခဲ့ပါသည်။
၁၁ – အကယ်၍သာ လေဝိသားတို့၏ယဇ်ပုရောဟိတ်အမှုတော်အားဖြင့် ပြည့်စုံခြင်းကို ရနိုင်ခဲ့ပါလျှင် (ထိုအမှုတော်အောက်တွင် လူထုသည် ပညတ်များကို လက်ခံခဲ့ကြသည်)၊ အဘယ်ကြောင့် အာရုန်၏အနွယ်မဟုတ်သည့် လေခိဇေဒက်ကဲ့သို့သော တခြားယဇ်ပုရောဟိတ်မျိုးသည် ပေါ်ထွက်ရန် လိုပါမည်နည်း?
၁၂ – အဘယ်ကြောင့်ဆိုသော် ယဇ်ပုရောဟိတ်အနွယ်ပြောင်းခဲ့သည်ဆိုလျှင်၊ ပညတ်တော်တို့လည်း မဖြစ်မနေပြောင်းရမည်သာဖြစ်သည်။
၁၃ – အဘယ်ကြောင့်ဆိုသော် ဤသို့ပြောပြနေခြင်းကိုခံရသူ၏အမျိုးထဲမှ မည်သူမျှ ယဇ်ပလ္လင်တော်၌ အမှုမဆောင်ခဲ့ကြပါ။
၁၄ – အဘယ်ကြောင့်ဆိုသော် ငါတို့သခင်သည် ယုဒအနွယ်မှရောက်လာမည်ဖြစ်သည်၊ ထိုအနွယ်နှင့်ပတ်သက်၍ မောရှေက ယဇ်ပုရောဟိတ်မင်းအရာနှင့်စပ်ဆိုင်သည်ဟု ဘာမှမပြောခဲ့ပါ။
၁၅ – ထို့ကြောင့် မေလခိဇေဒက်နှင့်သဏ္ဍာန်တူသော အခြားယဇ်ပုရောဟိတ် ပေါ်လာသည်မှာ ပို၍ထင်ရှားနေပါသည်။
၁၆ – ထိုသူ့ကို အသွေးအသားပညတ်အမိန့်အတိုင်း ပြုလုပ်ခြင်းမဟုတ်ပါ၊ မကုန်ဆုံးနိုင်သောအသက်ရှင်ခြင်း၏တန်ခိုးစွမ်းအားအတိုင်း ပြုလုပ်ထားသည်။
၁၇ – အဘယ်ကြောင့်ဆိုသော် သင်သည် မေလခိဇေဒက်နည်းတူ အမြဲတမ်းယဇ်ပုရောဟိတ်ဖြစ်သည်ဟု ဘုရားသခင်က သက်သေခံတော်မူသည်။
၁၈ – အဘယ်ကြောင့်ဆို သော် ပဌမသွားနှင့်သောပညတ်တော်ကို ၄င်း၏အားနည်းခြင်းနှင့်အသုံးမဝင်ခြင်းကြောင့် အသေအချာ ဖျက်သိမ်းပစ်ပါသည်။
၁၉ – အဘယ်ကြောင့်ဆိုသော် ပညတ်တော်က မည်သည့်ပြည့်စုံခြင်းကိုမျှ မလုပ်နိုင်ပါ၊ သို့သော် ပို၍ကောင်းသောမျှော်လင့်ချက်သည် ရှိနေပါသည်၊ ၄င်းအားဖြင့် ငါတို့သည် ဘုရားသခင်၏အနီးသို့ ချဉ်းကပ်ကြသည်။
၂၀ – သူသည် ကျိန်ဆိုခြင်းမရှိဘဲ ယဇ်ပုရောဟိတ်ဖြစ်မလာခဲ့ပါ။
၂၁ – အဘယ်ကြောင့်ဆိုသော် ယဇ်ပုရောဟိတ်များသည် ကျိန်ဆိုခြင်းမရှိဘဲ ဖြစ်လာခဲ့ကြပါသည်၊ သို့သော် ဤသူသည် ဘုရားသခင်၏ကျိန်ဆိုခြင်းဖြင့် ဖြစ်လာခဲ့ပါသည်၊ ဘုရားသခင်က သူ့ကို သင်သည် မေလခိဇေဒက်နည်းတူ အမြဲတမ်းယဇ်ပုရောဟိတ်ဖြစ်သည်ဟု ပြောခဲ့ပါသည်။
၂၂ – ထိုသို့ဖြင့် သခင်ယေရှုသည် ပို၍ကောင်းသောပဋိညာဉ်၏ အာမခံဖြစ်လာပါသည်။
၂၃ – အမှန်တွင် ယဇ်ပုရောဟိတ်အများ ရှိခဲ့ပါသည်၊ သို့သော် သူတို့သည် သေခြင်းကြောင့် အမြဲတမ်းမရှိနိုင်ကြပါ။
၂၄ – သို့သော် ဤသူသည် အမြဲတမ်းအသက်ရှင်သောကြောင့် မပြောင်းလဲသောယဇ်ပုရောဟိတ်ဖြစ်ခြင်းကို ပိုင်ဆိုင်ပါသည်။
၂၅ – ထို့ကြောင့် သူ့အားဖြင့် ဘုရားသခင့်ထံသို့ လာသောသူများကို အဆုံးတိုင်အောင် ကယ်တင်နိုင်ပါသည်၊ အဘယ်ကြောင့်ဆိုသော် သူတို့အတွက် အမြဲတမ်းဆုတောင်းပေးရန် အမြဲတမ်းအသက်ရှင်သူဖြစ်သည်။
၂၆ – ထိုသို့သော ယဇ်ပုရောဟိတ်မင်းသည် ငါတို့အတွက် သင့်တော်လှသည်၊ သူသည် သန့်ရှင်းသည်၊ ဒုက္ခမပေးသူ၊ ပညစ်ငြူးသူ၊ အပြစ်သားများနှင့်သီးခြားနေသူ၊ ကောင်းကင်အထပ်ထပ်ထက် မြင့်သောသူဖြစ်တော်မူသည်။

၂၇ – သူသည် အခြားယဇ်ပုရောဟိတ်မင်းများကဲ့သို့ နေ့တိုင်း ပထမအနေနှင့် မိမိ၏အပြစ်များအတွက်၊ ထို့နောက် လူထု၏အပြစ်များအတွက် ယဇ်ပူဇော်ခြင်းပြုရန် မလိုအပ်သူဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် သူသည် မိမိကိုယ်မိမိ တကြိမ်သာ ယဇ်ပူဇော်သောကြောင့်ဖြစ်သည်။

၂၈ – အဘယ်ကြောင့်ဆိုသော် ပညတ်တရားက လူတို့ကို အားနည်းချက်များရှိသော ယဇ်ပုရောဟိတ်မင်းများသာ ဖြစ်စေပါသည်၊ သို့သော် ပညတ်တရားနောက်မှလာသော ကျိန်ဆိုတော်မူသောနှုတ်ကပတ်တော်က အစဉ်အမြဲပြည့်စုံတော်မူသော သားတော်ကို ခန့်အပ်ပါသည်။